# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (July 08 - 14, 2024)

## ဇူလိုင်လ ဒုတိယအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံအနှံ့အပြားတွင် ဇူလိုင်လ ဒုတိယအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၅၂ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၅ ဦးနှင့် အမျိုးသမီး ၃ ဦး ပါဝင်ပါသည်။
- မန္တလေးတိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၁၇ ဦး သေဆုံးခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၁၃ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၆ ဦး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၃ ဦးစီ၊ မကွေးတိုင်းနှင့် မွန်ပြည်နယ်တွင် ၁ ဦးစီတို့ ဖြစ်ပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၂၈ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၉ ဦး၊ ဖမ်းဆီးရိုက်နှက်သတ်ဖြတ်မှုကြောင့် သေဆုံးသူ ၅ ဦး၊ မီးရှို့သတ်ဖြတ်မှုကြောင့် သေဆုံးသူ ၅ ဦးရှိပြီး အမျိုးသမီးတစ်ဦး မုဒိမ်းကျင့်သတ်ဖြတ်ခံခဲ့ရပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံအနှံ့အပြားတွင် ဇူလိုင်လ ဒုတိယအပတ်အတွင်း နေအိမ် ၅၄၁ လုံး မီးလောင်ပျက်စီးခဲ့ရသည်။ စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၅၃၈ လုံး မီးလောင်ပျက်စီးခဲ့ပြီး လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အိမ် ၃ လုံး မီးလောင်ပျက်စီးခဲ့ရသည်။မန္တလေးတိုင်းတွင် နေအိမ် ၅၀၃ လုံး၊ မကွေးတိုင်းတွင် နေအိမ် ၃၀ လုံး၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် နေအိမ် ၈ လုံးတို့ ဖြစ်သည်။ မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်တွင်

စစ်ကောင်စီတပ်များမှ လက်ဝဲမြင်းနီကျေးရွာရှိ အိမ် ၅၀၀ ကျော်မီးရှို့ခဲ့ရာ နာမကျန်းဖြစ်နေသည့် သက်ကြီးရွယ်အို ၅ ဦး မီးလောင်သေဆုံးခဲ့ရပါသည်။

**ဖမ်းဆီးခံရမှုများ**

- မြန်မာနိုင်ငံအနှံ့အပြားတွင် ဇူလိုင်လ ဒုတိယအပတ်အတွင်း အရပ်သားပြည်သူ ၄ ဦး ဖမ်းဆီးခံခဲ့ရသည်။ မွန်ပြည်နယ်တွင် ၂ ဦးနှင့် ကချင်ပြည်နယ်တွင် ၂ ဦးတို့ ဖြစ်သည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

- မြန်မာနိုင်ငံ အနှံ့အပြားတွင် ဇူလိုင်လ ဒုတိယအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်မှု ၁၇ ကြိမ်ပြုလုပ်ခဲ့ပါသည်။ မန္တလေးတိုင်းတွင် ၁၃ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၂ ကြိမ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂ ကြိမ်တို့ဖြစ်သည်။

**ဇူလိုင်လ ဒုတိယအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ**

**တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု**

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ဒုတိယအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၉၆ ကြိမ် ဖြစ်ပွားခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၄၄ ကြိမ် ဖြစ်ပွားခဲ့သည်။ မန္တလေးတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၂၁ ကြိမ် ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် ၈ ကြိမ်၊ မကွေးတိုင်းတွင် ၆ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၅ ကြိမ်၊ ကရင်နီပြည်နယ်တွင် ၃ ကြိမ်၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တွင် ၂ ကြိမ်စီ၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁ ကြိမ်စီ ဖြစ်ပွားခဲ့ပါသည်။ ဧရာဝတီတိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဇူလိုင်လ ဒုတိယအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၁၁၉ ဦးသေဆုံးခဲ့သည်။

## ၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂)

### MDY-PDF နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- MDY – PDF သည် စဉ့်ကူးမြို့နယ်ရှိ စစ်ကောင် စီ တပ်စခန်း ၅ ခုကို ဇူလိုင် ၈ ရက်တွင် ထပ်မံသိမ်းပိုက်လိုက်ပြီး စစ်ကောင်စီတပ်မှ ဒုတပ်မှူး ဒုတိယ ဗိုလ်မှူးကြီး လှိုင်းထွန်းအောင် အပါအဝင် (၁၅) ဦး ဖမ်းဆီးရမိခဲ့သည်။ ဇူလိုင် ၉ ရက်နေ့တွင် မန္တလေးတိုင်း၊ မတ္တရာမြို့နယ်နှင့် စဉ့်ကူးမြို့နယ်တို့၌ MDY – PDF နှင့် စစ်ကောင်စီတို့ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီ တပ်ဖွဲ့ဝင် ကိုးဦးသေဆုံးကာ အရာရှိ အပါအဝင် စစ်ကောင်စီတပ်ဖွဲ့ဝင် လေးဦးကို အရှင်ဖမ်းဆီးနိုင်ခဲ့သည်။ ဇူလိုင် ၁၁ ရက်တွင် မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ မြောက်တံငါ တပ်စခန်းနှင့် Alpha ဘိလပ်မြေ စက်ရုံရှိ စစ်တပ်၏ ကာကင်းစခန်းကို MDY-PDF က သိမ်းပိုက်ရရှိကာ လက်နက်ခဲယမ်းများပါ သိမ်းဆည်းရရှိသည်။ စစ်ကောင်စီတပ်ဖွဲ့ဝင်စုစုပေါင်း ၉ ဦး သေဆုံးခဲ့သည်။

### TNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ဇူလိုင် ၇ ရက်နေ့တွင် တအာင်းတပ်မတော် TNLA မှ လက်ခုပ်ပင်စခန်း၊ လက်ခုပ်သံစခန်းနှင့် လယ်ကြီးစခန်းတို့ကို အပြီးသတ် တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။
- ဇူလိုင်လ ၈ ရက်နေ့တွင် မန္တလေးတိုင်း၊ မိုးကုတ်မြို့အရှေ့ပိုင်း၌ စစ်ကောင်စီတပ်နဲ့ တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ပူးပေါင်းအဖွဲ့တွေကြား တိုက်ပွဲများ ပြင်းထန်ခဲ့သည်။ မန္တလေးတိုင်း၊ မိုးကုတ်မြို့နှင့် ငါးမိုင်ခန့်ဝေးသော အုပ်ဆောင်းတောင် အနီးတစ်ဝိုက်တွင် TNLA နှင့် စစ်ကောင်စီတပ် လပခ၊ ခလရ (၈၈၊ ၁၄၈) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်တပ်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။
- ဇူလိုင် ၉ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့နယ် သရက်တော စခန်း၊ မိုင်တိုင်(၆) တပ်စခန်းနှင့် မိုးကုတ်မြို့နယ်ရှိ မိုင်တိုင်(၅) စစ်ကောင်စီ တပ်စခန်းနှင့် ယောမှူး စခန်းတို့ကို တအာင်းတပ်မတော် (TNLA)က ထပ်မံ သိမ်းပိုက်ရရှိခဲ့သည်။ ထို့အတူ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့ရှိ စစ်ကောင်စီ၏ ဒိုးတပ်ရင်း (၆၀၆)ကို တအာင်းတပ်မတော် (TNLA) ပူးပေါင်းတပ်က သိမ်းပိုက်ရရှိခဲ့သည်။

- ဇူလိုင် ၁၂ ရက်တွင် ဂုတ်တွင်းတပ်စခန်းကို TNLA ပူးပေါင်းတပ်က တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ လက်နက်ကြီး၊ ငယ် အလက် ၂၀ သိမ်းဆည်း ရမိခဲ့သည်။
- ဇူလိုင် ၁၃ ရက်နေ့တွင် မိုးကုတ်မြို့နယ်၊ ကမ္ဘာလုံးစေတီ အနီးတစ်ဝိုက်တွင် တပ်စွဲထားသော စစ်ကောင်စီတပ်ကို TNLA က တိုက်ခိုက်ခဲ့ပြီး မိုးကုတ်မြို့ အရှေ့ပိုင်း၊ ကြက်ခြံနှင့် အမှိုက်ပုံနေရာအနီး၌ စစ်ကောင်စီတပ် လပခ၊ ခလရ ၇၁၊ ၈၈၊ စကခ-၂၁၊ ခလရ၂၂၃ နှင့် TNLA တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အတူ သီပေါမြို့နယ်၊ ဆန်ဖိတ် တပ်စခန်းနှင့် ၅၀၃၊ ၅၀၄ စခန်းတို့ကိုလည်း ဇူလိုင် ၁၃ တွင် TNLA က တိုက်ခိုက်ခဲ့သည်။

**MNDAA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ဇူလိုင် ၁၄ တွင် ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးမြို့၏ ခံတပ်စခန်းကြီးဖြစ်သော စစ်ကောင်စီ အမှတ် ၅၀၇ ခြေမြန်တပ်ရင်း(ခမရ)နဲ့ ကိုးကန့်တပ် (MNDAA) တို့ တိုက်ပွဲပြင်းထန်ခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီ၏ တတိယအကြိမ်ဗဟိုကော်မတီအစည်းအဝေးအား ဂုဏ်ပြုသောအားဖြင့် ဇူလိုင်လ ၁၄ ရက်မှ စတင်ပြီး ဇူလိုင်လ ၁၈ ရက်နေ့အထိ ပစ်ခိုက်တိုက်ခိုက်မှု ရပ်စဲထားရန် MNDAA မှ ကြေညာချက်ထုတ်ပြန်ထားသည်။

**အာရက္ခတပ်တော် စစ်ဆင်ရေး**

- ရခိုင်ပြည်၊ သံတွဲမြို့နယ်၊ လင်းသာကမ်းခြေတွင် ဆုတ်ခွာလာသော စစ်ကောင်စီတပ်နှင့် AA တို့ အကြား ဇူလိုင် ၉ ရက်တွင် တိုက်ပွဲပြင်းထန်လျက်ရှိပြီး သံတွဲမြို့ အခြေစိုက် ခလရ(၅၅)တပ်ရင်းနှင့် မောင်တောမြို့ရှိ မကျည်းချောင်းစခန်း တို့ကို AA မှ ထပ်မံသိမ်းယူနိုင်ခဲ့သည်။

**ကရင်နီ စစ်ဆင်ရေး**

- ကရင်နီပြည်၊ လွိုင်ကော်မြို့တွင်  KNDF နှင့် စစ်ကောင်စီတို့ တကျော့ပြန်ဖြစ်ပွားနေသည့် တိုက်ပွဲသည် ဇူလိုင်လ ၃ ရက်မှ  ဇူလိုင်လ ၈ ရက်အထိ တိုက်ပွဲဆက်လက်ပြင်းထန်လျက် ရှိပါသည်။

**ဇူလိုင်လ ၈ ရက်နေ့မှ ၁၄ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

| Data of Myanmar Conflict 08-14, July 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Air Strike** | **Villages set on fire** | **Houses burned down** |
| **BAGO** | 2 | 6 | | | 3 | | | | |
| **KACHIN** | | | | | | 2 | | | |
| **KARENNI** | 3 | | | | | | | | |
| **KAYIN** | 1 | 20 | | | | | | | |
| **MAGWAY** | 6 | 10 | | | 1 | | | | 30 |
| **MANDALAY** | 21 | 9 | | 2 | 17 | | 13 | | 503 |
| **MON** | 2 | 6 | | | 1 | 2 | | | |
| **RAKHINE** | 5 | | | | 3 | | 2 | | |
| **SAGAING** | 8 | 53 | | 1 | 13 | | | | |
| **SHAN (North)** | 44 | | | 1 | 6 | | 2 | | |
| **SHAN (South)** | 1 | 2 | | | 3 | | | | 8 |
| **TANINTHARYI** | 3 | 13 | | 1 | | | | | |
| **TOTAL** | **96** | **119** | | **5** | **47** | **4** | **17** | | **541** |

**ဇူလိုင်လ ၈ ရက်နေ့မှ ၁၄ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

# Map of Myanmar Conflict ( July 08-14, 2024 )



# ဇူလိုင်လ ဒုတိယအပတ်အတွင်း အခြားသိမှတ်ဖွယ်သတင်းများ

## စစ်ကောင်စီနှင့် နိုင်ငံတကာဆက်ဆံရေး

### တရုတ်ဆီက စစ်ကောင်စီ လက်နက်များ ဝယ်ယူ

တရုတ်နိုင်ငံသည် မြန်မာစစ်အစိုးရအား စစ်လက်နက်ပစ္စည်းများနှင့် ခဲယမ်းမီးကျောက်များ ထောက်ပံ့ပေးရန် စီစဉ်နေသည်ဟု ဧရာဝတီသတင်းဌာနက ဖော်ထုတ်ထားသည်။ နေပြည်တော်နှင့် ထိုင်း-မြန်မာနယ်စပ်ရှိ သတင်းရင်းမြစ်များက တရုတ်အစိုးရက စစ်အစိုးရမှ ဝယ်ယူထားသော လက်နက်များကို ပေးပို့ရန်ပြင်ဆင်နေပြီး လာမည့် သီတင်းပတ်များအတွင်း ရောက်ရှိလာဖွယ်ရှိကြောင်း ဧရာဝတီ၏သတင်းပေးပို့ချက်အရ သိရသည်။ လက်နက်များထဲတွင် မြေပြင်နှင့် လေတပ်အတွက် လက်နက်၊ စက်ပစ္စည်းကိရိယာများ ပါဝင်သည်ဟု သိရသည်။ စစ်အစိုးရ ဒုတိယခေါင်းဆောင် စိုးဝင်းသည် စိမ်းလန်းဖွံ့ဖြိုးရေးဖိုရမ်သို့ တက်ရောက်ရန် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သော်လည်း သူ့၏အဓိက ရည်ရွယ်ချက်မှာ ကြည်းတပ်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်ဖြစ်သည့် လက်နက်ဝယ်ယူမှုနှင့် တင်ပို့ရောင်းချမှုများကို ကြီးကြပ်ရန်ဖြစ်သည်ဟု ဧရာဝတီကသတင်းပေးပို့ထားသည်။

### မြန်မာ၊ ထိုင်းနှင့် အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံ

မြန်မာ၊ ထိုင်း၊ အိန္ဒိယ သုံးနိုင်ငံ ဘုံအကျိုးစီးပွားဆိုင်ရာများပူးပေါင်းဆောင်ရွက်ရန် စစ်ကောင်စီနိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေ၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး Mr.Maris Saengiamphong၊ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ Subrahmanym Jayasankara တို့သည် ဇူလိုင် ၁၁ ရက်တွင် အလွတ်သဘော တွေ့ဆုံခဲ့ကြသည်။ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ကျင်းနေသည့် ဒုတိယအကြိမ် BIMSTEC နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို တက်ရောက်ရန် စစ်ကောင်စီဝန်ကြီး ဦးသန်းဆွေနှင့် ကိုယ်စားလှယ်များသည် ဇူလိုင် ၁၀ ရက်ကတည်းက မြန်မာနိုင်ငံမှ ထွက်ခွာခဲ့သည်။ BIMSTEC အဖွဲ့သည် ဘင်္ဂလားပင်လယ်အော်တလျှောက်ရှိ တောင်အာရှနှင့် အရှေ့တောင်အာရှ ခုနစ်နိုင်ငံ တို့၏ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် ဖွဲ့စည်းထားသော နိုင်ငံတကာအဖွဲ့အစည်းတခုဖြစ်ပြီး စစ်ကောင်စီကိုယ်စားလှယ်များက အိန္ဒိယနိုင်ငံ၏ ဖိတ်ကြားချက်အရ တက်ရောက်နေခြင်းဖြစ်သည်။

## ကြံ့ခိုင်ရေးပါတီအပါအဝင် နိုင်ငံရေးပါတီ ၄ ခုအား တရုတ်နိုင်ငံသို့ ဖိတ်ခေါ်

စစ်ကောင်စီ၏ ရွေးကောက်ပွဲကော်မရှင်ထံ မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)၊ ပြည်သူ့ပါတီ (PP)၊ ရခိုင့်ဦးဆောင်ပါတီ (AFP)နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP)တို့မှ ကိုယ်စားလှယ် ၁၇ ဦးအား တရုတ်ကွန်မြူနစ်ပါတီမှ တရုတ်နိုင်ငံသို့ ဖိတ်ကြားစာကို ဇူလိုင်လ ၈ ရက်နေ့က ပေးပို့သည်။ ဇူလိုင်လ ၂၀ ရက်နေ့မှ ၂၇ ရက်နေ့ထိ ခုနစ်ရက်ကြာ ဖိတ်ကြားခြင်းဖြစ်ပြီး ခရီးစဉ်အတွင်း ယူနန်နှင့် ရှန်ဟိုင်း တို့သို့ သွားရောက်ကာ တရုတ်နိုင်ငံ၏ ကျေးလက်ဖွံ့ဖြိုးရေးနှင့် Belt and Road Initiative ဆိုင်ရာ တရုတ်ပညာရှင်များနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးမည်ဖြစ်ကြောင်း ဖော်ပြသည်။ USDP မှ ကိုယ်စားလှယ် ခုနစ်ဦးနှင့် ကျန်ပါတီ သုံးခုမှ ကိုယ်စားလှယ် သုံးဦးစီ လာရောက်ရန် စာရင်းပေးသွင်းရမည်ဖြစ်ပြီး ကုန်ကျစရိတ်များအား တရုတ်နိုင်ငံဘက်မှ ကျခံမည်ဟု သိရှိရသည်။

## စီးပွားရေးလုပ်ငန်းရှင်များအပေါ် ဖိနှိပ်မှုများ

- ရိုးမဘဏ်ဥက္ကဋ္ဌ ဦးသိမ်းဝေ၊ CEO ဦးဘမောင်စိန် အပါအဝင် ဒါရိုက်တာ ၉ ဦးကို ငွေကြေးခဝါချမှုဖြင့် ဖမ်းဆီးစစ်ဆေးနေကြောင်းသည်။

**ကိုးကား - Myanmar Now, The Irrawaddy, PVTV, DVB, BBC, RFA, Mizzima, Ayeyarwaddy Times,**

**Myanmar Pressphoto Agency, D Day News, Khit Thit Media, Narinjara**

## အသေးစိတ်အချက်အလက်များ

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၅၄၁ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- မန္တလေးတိုင်း၊ မိုးကုတ်မြို့အရှေ့ပိုင်း၊မြို့မရပ်ကွက်ထဲသို့ ဇူလိုင် ၁၃ ရက်နေ့တွင် စစ်တပ်ပစ်ခတ်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ရာ အိမ် ၃ လုံး မီးလောင်ပျက်စီးခဲ့ရသည်။

- မကွေးတိုင်း၊ မြိုင်မြို့နယ်တောင်ပိုင်း၊ အိုရင်းကျေးရွာက အမျိုးသမီးတဦးကို စစ်ကောင်စီတပ်သား တွေက ဇူလိုင် ၇ ရက်နေ့မှာ မုဒိမ်းကျင့်သတ်ဖြတ်ပြီး လူနေအိမ် ၃၀ နီးပါးကိုလည်း မီးရှို့ဖျက်ဆီးခဲ့ ပါသည်။

- ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ် နားခိုက်ရွာကို ဇူလိုင်လ ၆ ရက်နေ့မှာ စစ်ကောင်စီ လက်အောက်ခံ ပအိုဝ်းပြည်သူ့စစ် (PNO) တပ်ဖွဲ့က ဝင်ရောက်စီးနင်းပြီး နေအိမ် ၈ လုံးကို မီးရှို့ခဲ့ သလို ရွာခံသုံးဦးကိုလည်း သတ်ဖြတ်သွားခဲ့သည်။

- မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ် လက်ဝဲ - မြင်းနီကျေးရွာရှိ အိမ်ခြေ ၅၀၀ ကျော်အား ဇူလိုင်လ ၁၀ ရက်တွင် စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးခြင်းကြောင့် နာမကျန်းသက်ကြီးရွယ်အို ငါးဦးသေဆုံးသွား ကြောင်း သိရသည်။

### ဖမ်းဆီးခံရမှုများ

- မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အာယုတောင်ရွာအနီးမှာ ဇူလိုင်လ ၈ ရက်နေ့က ဒေသခံအမျိုးသားတစ်ဦး ကို စစ်ကောင်စီ တပ်စစ်ကြောင်းက ပစ်ခတ် သတ်ဖြတ်ခဲ့ပြီး နောက်ထပ်နှစ်ဦးကိုလည်း ဖမ်းဆီးသွားခဲ့ ပါသည်။
- ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်မှာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင်တွေရဲ့ အမျိုးသမီး ၂ ဦးကို စစ်ကောင်စီတပ်က ဇူလိုင် ၁၁ ရက်မှာ ဖမ်းဆီးသွားခဲ့ပါသည်။

**အသတ်ခံရမှုများ**

- ပဲခူးတိုင်း၊ ကျောက်ကြီး (လယ်ဒို)မြို့နယ်အတွင်းသို့ ဇူလိုင် ၈ ရက်က စစ်ကောင်စီတပ် လက်နက်ကြီး၊ ဒရုန်းတို့ဖြင့် ဗုံးကြဲ တိုက်ခိုက်ခဲ့၍ အရပ်သားပြည်သူ နှစ်ဦးသေဆုံးပြီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

- ပဲခူးတိုင်း၊ မင်းလှမြို့ပေါ်တွင် စိတ်ရောဂါ ခံစားနေရသည့် ပြည်သူ ၁ ဦးကို PDF တပ်ဖွဲ့ဝင်ဟု စွပ်စွဲပြီး ဇူလိုင် ၇ ရက်နေ့တွင် စစ်ကောင်စီ တပ်သားများက ဖမ်းဆီးရိုက်နှက် သတ်ဖြတ်ခဲ့သည်။

- မကွေးတိုင်း၊ မြိုင်မြို့နယ်တောင်ပိုင်း၊ အိုရင်းကျေးရွာက အမျိုးသမီးတဦးကို စစ်ကောင်စီတပ်သားတွေက ဇူလိုင် ၇ ရက် နေ့မှာ မုဒိမ်းကျင့်သတ်ဖြတ်ပြီး လူနေအိမ် ၃၀ နီးပါးကိုလည်း မီးရှို့ဖျက်ဆီးခဲ့ပါသည်။

- မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ တံငါ(တောင်)ရွာတွင်တပ်စွဲထားသော စစ်ကောင်စီတပ်က အနီးဝန်းကျင်ကျေးရွာများသို့ လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပါသည်။

- မန္တလေးတိုင်း၊ မိုးကုတ်မြို့အရှေ့ပိုင်း လူနေရပ်ကွက်တွေပေါ်ကို ဇူလိုင် ၁၀ ရက်တွင် စစ်တပ်က လက်နက်ကြီး ဆက်တိုက် ပစ်နေတာကြောင့် ပြည်သူတဦး သေဆုံးပြီး ၃ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ပါသည်။

- မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ် လက်ဝဲ - မြင်းနီကျေးရွာရှိ အိမ်ခြေ ၅၀၀ ကျော်အား ဇူလိုင်လ ၁၀ ရက်တွင် စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးခြင်းကြောင့် နာမကျန်းသက်ကြီးရွယ်အို ငါးဦးသေဆုံးသွားကြောင်း သိရသည်။

- မန္တလေးတိုင်း၊ မတ္တရာမြို့နယ်တွင် စစ်ကောင်စီတပ်က ဇူလိုင် ၁၂ ရက်နေ့တွင် လေကြောင်းနှင့် ဒရုန်းဖြင့် တိုက်ခိုက်ခဲ့၍ ဒေသခံပြည်သူ ၆ ဦး သေဆုံးခဲ့သည်။

- ဇူလိုင် ၁၃ ရက်နေ့တွင် မန္တလေးတိုင်း၊ မိုးကုတ်မြို့ အရှေ့ပိုင်းကို စစ်တပ်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ ၂ ဦး သေဆုံးခဲ့ရသည်။

- ရခိုင်ပြည်နယ်၊ မောင်တောမြို့မှာ ဇူလိုင် ၁၀ ရက်နေ့က ရိုဟင်ဂျာအများစုနေထိုင်တဲ့ မြို့မအနောက် ရပ်ကွက် ဖေစီရွာကို လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲတာကြောင့် ရိုဟင်ဂျာနှစ်ဦး သေဆုံးခဲ့ရ ပါသည်။

- ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ကျောက်ဆိပ်ရွာမှာ ဇူလိုင်လ ၁၀ ရက်နေ့က စစ်ကောင်စီတပ်က ပစ်ခတ်တဲ့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲတာကြောင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး နောက်ထပ်သုံးဦး ဒဏ်ရာရရှိခဲ့ပါသည်။

- စစ်ကိုင်းတိုင်း၊ ဖောင်းပြင်မြို့နယ်၊ အင်းသာရွာကို စစ်ကောင်စီတပ်က ဇူလိုင်လ ၅ ရက်နေ့မှာ ဒရုန်းနဲ့ ဗုံးကြဲတိုက်ခိုက်တာကြောင့် ဒေသခံသုံးဦး သေဆုံးပြီး၊ နောက်ထပ် ခုနစ်ဦး ဒဏ်ရာရရှိခဲ့ပါသည်။

- စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်အတွင်း ဇူလိုင် ၁၀ ရက်တွင် စစ်တပ်ပစ်ခတ်သည့် လက်နက်ကြီးကျည် ထိမှန်ကာ ပြည်သူနှစ်ဦး သေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ ထနောင်းကုန်းကျေးရွာဆေးခန်းနှင့် ထနောင်းတောမြောက်ရွာကို ဇူလိုင် ၁၀ ရက်တွင် စစ်တပ်က ဒရုန်း၊ လက်နက်ကြီးများဖြင့် ဗုံးကျဲ ပစ်ခတ် တိုက်ခိုက်ခြင်းကြောင့် အသက် ၂ နှစ် အရွယ် ကလေးငယ် ၁ ဦး အပါအဝင် ၉ ဦး သေဆုံးခဲ့ရသည်။

- ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ် နားခိုက်ရွာကို ဇူလိုင်လ ၆ ရက်နေ့မှာ စစ်ကောင်စီ လက်အောက်ခံ ပအိုဝ်းပြည်သူ့စစ် (PNO) တပ်ဖွဲ့က ဝင်ရောက်စီးနင်းပြီး နေအိမ်တချို့ကို မီးရှို့ခဲ့သလို ရွာခံသုံးဦးကိုလည်း သတ်ဖြတ်သွားခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ ရပ်ကွက် (၉) က ဘုတာရုံအနီးကို ဇူလိုင်လ ၁၀ ရက်က ရှော့တိုက်ဒုံး ကျရောက်ပေါက်ကွဲတာကြောင့် အရပ်သားသုံးဦး သေဆုံးပြီး နောက်ထပ် လူငါးဦးထက် မနည်း ဒဏ်ရာရရရှိခဲ့ပါသည်။

- ရှမ်းပြည်နယ်၊ လားရှိုးမြို့မှာ ဇူလိုင် ၁၁ ရက်နေ့က လက်နက်ကြီးကျည်တွေ ကျရောက်ပေါက်ကွဲပြီး ခရစ်ယာန် ဘာသာရေး ဆရာတစ်ဦး အပါအဝင် ပြည်သူလေးဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ ပါ သည်။

- တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်အတွင်း အိမ်ဖုံးခိုကျင်းထဲမှ ပြေးထွက်လာသော ၁၆ နှစ်သမီးကို ဇူလိုင် ၁၀ ရက်တွင် စစ်ကောင်စီတပ်က ပစ်ခတ်သတ်ခဲ့ပြီး ရွှေနှင့် အဖိုးတန်ပစ္စည်းများ လုယက်သွားကြောင်း သိရသည်။

## လေကြောင်းမှ တိုက်ခိုက်မှုများ

- မိုးကုတ်မြို့အရှေ့ပိုင်းကို စစ်ကောင်စီက ဇူလိုင် ၇ ရက်ကစ၍ လက်နက်ကြီးနှင့်လေကြောင်းအသုံးပြု တိုက်ခိုက်နေပြီး ဇူလိုင် ၈ ရက်တွင်လည်း ပန်းမထိပ်ရပ်ကွက်အပါအဝင် အရပ်သားများရှိနေသည့် နေရာများကို လေကြောင်းနှင့် လက်နက်ကြီး ၉ ကြိမ်ထက်မနည်းပစ်ခတ် တိုက်ခိုက်ခဲ့ပါသည်။

- မန္တလေးတိုင်း၊ မိုးကုတ်မြို့နှင့် ငါးမိုင်ခန့်ဝေးသော အုပ်ဆောင်းတောင်အနီးတစ်ဝိုက်တွင် ဇူလိုင် ၈ ရက်က TNLA နှင့် စစ်ကောင်စီတပ် လပခ၊ ခလရ (၈၈၊ ၁၄၈) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်တပ်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

- မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ အုတ်ဖိုလေးရွာသစ်ကို စစ်ကောင်စီတပ်က ဇူလိုင် ၉ ရက်နေ့မှာ လေကြောင်းကနေ ဂျက်တိုက်လေယာဉ်နဲ့ ဗုံးကြဲတိုက်ခိုက်တာကြောင့် ကလေးနှစ်ဦးနဲ့ အမျိုးသမီး တစ်ဦး သေဆုံးခဲ့ပါသည်။

- ဇူလိုင် ၉ ရက်နှင့် ဇူလိုင် ၈ ရက်တို့တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ မန္တလေးတိုင်း၊ စဉ့်ကူးမြို့ပေါ်ကို စစ်တပ်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ပြည်သူတစ်ဦးနှင့် လူနေအိမ်ခြေများ ထိခိုက်မှုရှိခဲ့ကြောင်း သိရသည်။

- စစ်တွေမြို့ အရှေ့ဘက် (၁၅ ) မိုင် ခန့် အကွာမှာ တည်ရှိတဲ့ ပေါက်တောမြို့နယ်က ကျေးရွာ ၄ ရွာကို ဇူလိုင် ၆ ရက်နေ့မှာ စစ်ကောင်စီတပ်က လေကြောင်းကနေ ဒရုန်းတွေနဲ့ ဗုံးကြဲတိုက်ခိုက်တဲ့အတွက် လူနေအိမ်တွေ ထိခိုက်ပျက်စီးမှု ရှိခဲ့ပါသည်။

- ရခိုင်ပြည်၊ သံတွဲမြို့၏ အထင်ကရ ရှေးဟောင်းစေတီ ၃ဆူ အနက် ၁ ဆူဖြစ်သည့် နံတော်စေတီ တည်ရှိရာ တောင်ကုန်းအား စစ်ကောင်စီမှ ဇူလိုင် ၁၂ ရက်နေ့တွင် လေကြောင်းမှ ဗုံးကြဲခဲ့ခြင်းဖြစ်သည်။
- ရှမ်းပြည်နယ်မြောက်ပိုင်း၏ မြို့တော်လာရှိုးရှိ မြို့ပေါ် ရပ်ကွက် (၅) ကို စစ်ကောင်စီတပ်ဖွဲ့က ဇူလိုင် ၇ ရက်တွင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။

- ဇူလိုင် ၁၀ ရက်နေ့တွင် စစ်တပ်က မိုးမိတ်မြို့ကို လက်နက်ကြီးများဖြင့် ပစ်ခတ်ပြီးနောက် Y-12 လေယာဉ်ဖြင့် ဗုံးသီး အလုံး ၆၀ ကျဲချတိုက်ခိုက်ခဲ့ပြီး တောင်ကိုင် ဘုန်းကြီးကျောင်းကို ဗုံးသီးများ ကျရောက်ပေါက်ကွဲခဲ့ပြီး ဆွမ်းစားဆောင် ထိခိုက်ပျက်စီးခဲ့ရသည်။

## ဇူလိုင်လ ဒုတိယအပတ်အတွင်း အခြားထိတွေ့တိုက်ပွဲ

- ပဲခူးတိုင်း၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ ကြွံသေကျေးရွာမှ ပဲခူးရိုးမပေါ်သို့ အင်အား ၃၇ ဦးဖြင့် စစ်ကြောင်းထိုးလာသော စစ်တပ်စစ်ကြောင်းကို ဇူလိုင်လ ၈ ရက်နေ့တွင် ပြည်သူ့ကာကွယ်ရေး တပ်မတော် တပ်ရင်း ၃၆၀၂ မှ ကြားဖြတ် တိုက်ခိုက်ခဲ့ရာ စစ်သား ၅ ဦး သေဆုံးပြီး ၃ ဦးအပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။

- ပဲခူးတိုင်း၊ ပေါင်းတည်မြို့နယ်တွင် အထိုင်ချထားသည့် စခန်းအတွင်းမှ အပြင်ထွက်လာသည့် စစ်ကောင်စီတပ်သား ငါးဦးကို ဇူလိုင် ၁၂ တွင် ပြည်ခရိုင် တပ်ရင်း ၃၆၀၁ (PPDF) မှ တိုက်ခိုက်ခဲ့ရာ ၁ ဦးသေဆုံးခဲ့သည်။

- ကရင်နီပြည်၊ လွိုင်ကော်မြို့တွင် KNDF နှင့် စစ်ကောင်စီတို့ တကျော့ပြန်ဖြစ်ပွားနေသည့် တိုက်ပွဲ သည် ဇူလိုင်လ ၃ ရက်မှ ဇူလိုင်လ ၈ ရက်အထိ တိုက်ပွဲဆက်လက်ပြင်းထန်လျက် ရှိပါသည်။

- ကရင်ပြည်နယ်၊သံတောင်မြို့မှ တောင်ငူမြို့သို့ ဆင်းလာသည့် စစ်ကောင်စီယာဉ်တန်းကို ဇူလိုင် ၈ ရက်တွင် KNLA ပူးပေါင်းတပ်က ကြားဖြတ် တိုက်ခိုက်ရာ စစ်သား ၂၀ ထက်မနည်း သေဆုံးခဲ့သည်။

- မကွေးတိုင်း၊ ပေါက်မြို့နယ်အတွင်းရှိ စစ်ရေးပစ်မှတ်များကို ဇူလိုင် ၇ ရက်တွင် PDF ပူးပေါင်းတပ်ဖွဲ့က အညာဒေသ စစ်ဆင်ရေးအဖြစ် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။

- ဇူလိုင် ၈ ရက်တွင် မကွေးတိုင်း၊ မြိုင်မြို့ပေါ်၊ အမှတ် ၁ ရပ်ကွက်၊မြိုင်-မန္တလေးလမ်းမပေါ်ရှိ မီးသတ် ရုံးတွင် အင်အား ၂၅ ဦးဖြင့် တပ်စွဲထားသည့် စစ်သားများကို လက်နက်ကြီး၊လက်နက်ငယ်များဖြင့် တစ်နာရီကျော်ကြာ ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး စစ်သား ၂ ဦးသေဆုံးခဲ့သည်။

- မကွေးတိုင်း၊ ရေစကြိုမြို့နယ် ခလရ (၂၅၈) လင်းကတော နယ်မြေရဲစခန်းသို့ ရိက္ခာပို့ပြီးပြန်လာသည့် စစ်ကောင်စီ တပ်ဖွဲ့ကို ဇူလိုင်လ ၉ ရက်တွင် တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးပြီး ခဲယမ်းအချို့ သိမ်းဆည်းရရှိခဲ့သည်။

- မကွေးတိုင်း၊ ငဖဲမြို့နယ်၊ မင်းဘူး-အမ်းလမ်းပိုင်းတွင် စစ်ကောင်စီ၏ လေကြောင်းရန် ကာကွယ်ရေး တပ်စခန်းမှ စစ်ကြောင်းကို ဇူလိုင် ၉ ရက်တွင် ချုံခိုတိုက်ခိုက်ခဲ့ရာ စစ်သား ၅ ဦးသေဆုံးပြီး သေနတ် ၂ လက် သိမ်းဆည်းရရှိခဲ့သည်။

- မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ကိုင်းတောမရေစက်စစ်တပ်စခန်းမှ ရိက္ခာရှာရန် ထွက်လာသော စစ်သား များကို ဇူလိုင် ၁၁ ရက်တွင် တိုက်ခိုက်ခဲ့ရာ စစ်သား ၁ ဦးသေဆုံးခဲ့သည်။

- မန္တလေးတိုင်း၊ စဉ့်ကူးမြို့ကို ဇူလိုင် ၁၄ တွင် တော်လှန်ရေးတပ်ဖွဲ့များ သိမ်းပိုက် ထိန်းချုပ်လိုက်ပြီ ဖြစ်သည်။

- မွန်ပြည်နယ်၊ ရေးမြို့နယ်တွင် စစ်ကောင်စီ၏ စစ်ကြောင်းကို ပူးပေါင်းတပ်များတိုက်ခိုက်ခဲ့သည်။ ဇူလိုင် ၉ ရက်တွင် စစ်ကောင်စီ၏ ခလရ(၁၀၆)၊ အမြောက်တပ်(၃၁၇)တို့မှ အင်အား ၁၀၀ ကျော်ပါ စစ်ကောင်စီတပ်စစ်ကြောင်းကို နာရီဝက်ကြာ ခြံခိုပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းသည်။တိုက်ခိုက်မှုအတွင်း စစ်ကောင်စီဘက်မှ ၅ ဦး သေဆုံးကာ ၃ ဦး ဒဏ်ရာရခဲ့သည်။

- ချောင်းဦးမြို့နယ်၊ မုံရွာ-မန္တလေး လမ်းပိုင်းတွင် ကြေးနီကားများကို လုံခြုံရေး ယူပေးနေသည့် စစ်သား များကို ဇူလိုင်လ ၇ ရက်နေ့တွင် ပစ်ခတ်တိုက်ခိုက်ရာ ၂ ဦးသေဆုံးပြီး သေနတ် ၂ လက် သိမ်းဆည်း ရရှိခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်ရှိ စစ်ကောင်စီတပ်စွဲထားသော အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်း တို့ကို ဇူလိုင် ၇ ရက်နေ့တွင် ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (PLA) က တပြိုင်တည်း ဝင်ရောက် စီးနင်းတိုက်ခိုက်ခဲ့ပြီး အမျိုးသမီး ပြည်သူ့စစ် (ပျူစောထီး) အဖွဲ့ဝင်၂ ဦးအား ဖမ်းဆီးရမိခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ညောင်ကိုင်းပျူစောထီးရွာမှ စစ်အုပ်စု လက်ပါးစေ ပျူစောထီးအထိုင် စခန်းအား ဇူလိုင် ၆ ရက်တွင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့တို့က Fix Wing ဒရုန်းနဲ့တိုက်ခိုက်ခဲ့ရာ ရန်သူ ၆ ဦးသေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်တွင် ဇူလိုင် ၈ ရက်နေ့က စစ်တပ်စစ်ကြောင်းနှင့် အထိုင်စခန်းကို တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် ဒရုန်းဖြင့် ဗုံးကျဲခြင်းတို့ကြောင့် စစ်တပ် ဘက်မှ ၂၀ ဦးထက်မနည်းသေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ ခင်မွန်ရွာအနီး၊ မုံရွာ-မန္တလေးလမ်းပိုင်းပေါ် လုံခြုံရေးယူနေသည့် စစ်သားများကို ဇူလိုင် ၁၀ ရက်တွင် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ရာ နှစ်ဦးသေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။

- စစ်ကိုင်းတိုင်း၊ မြင်းမူမြို့ပေါ်မှ ထွက်လာသည့် စစ်တပ်ကင်းပုန်းကို ဇူလိုင် ၁၄ တွင် ၂ ကြိမ် မိုင်းဆွဲ ပစ်ခတ်တိုက်ခိုက်ရာ စစ်သား ၅ ဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- ရှမ်းပြည်နယ် တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ နန့်ဗွမ်ကျေးရွာမှ ဆိုင်ကယ်ဖြင့် ထွက်လာသော စစ်တပ်လက်အောက်ခံ PNO အဖွဲ့ဝင် ၂ ဦးကို ဇူလိုင် ၁၄ တွင် ပစ်ခတ်တိုက်ခိုက်ရာ ၂ ဦးလုံးသေဆုံးပြီး သေနတ် ၂ လက် သိမ်းဆည်းရရှိခဲ့သည်။

- တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ ၅ မိုင်ကျေးရွာအနီးသို့ ဇွန်လ ၁၀ ရက်က အင်အား ၅၀ ခန့်ဖြင့် စစ်ကြောင်းထိုးလာသော ခလရ ၂၈၅ တပ်ဖွဲ့ဝင်များကို ဒေသခံတော်လှန်ရေးပူးပေါင်းတပ်များ တိုက်ခိုက်ရာ ဗိုလ်မှူး ၁ ဦးအပါ ၅ ဦး သေဆုံးပြီး၂ ဦး အရှင်ဖမ်းမိခဲ့သည်။

- တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်တွင် စစ်ကောင်စီ တပ်သားများ လိုက်ပါလာသည့် ကား ၂ စီးကို ဇူလိုင် ၈ ရက်တွင် တော်လှန်ရေး တပ်ဖွဲ့များက ပစ်ခတ် တိုက်ခိုက်ရာ စစ်တပ်ဘက်မှ ၇ ဦးသေဆုံးခဲ့သည်။

- တနင်္သာရီတိုင်း၊ ရေဖြူမြို့အနီးတွင် စစ်သားများစီးနင်းလာသည့် Hijet ကားတစ်စီးကို ဇူလိုင် ၁၁ ရက်တွင် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သား ၁ ဦးသေဆုံးပြီး သေနတ် ၁ လက်နှင့်ခဲယမ်းများ သိမ်းဆည်း ရရှိခဲ့သည်။

**ဇူလိုင်လ ၈ ရက်နေ့မှ ၁၄ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**